# ၁၉၆၃ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ စာပေဗိမာန်အုပ်ချုပ် ရေးအဖွဲ့ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ပြည်ထောင်စုမြန်မာနိုင်ငံ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင်စတင်အာဏာတည်ရမည်။

## အခန်း ၁။

### အဓိပ္ပါယ်ဖေါ်ပြချက်။

၂။ ။ဤဥပဒေတွင် အခြားအဓိပ္ပါယ်ကောက်ယူရန်မလိုလျှင်—

(က) "အဖွဲ့" ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော "ပြည်ထောင်စုမြန်မာနိုင်ငံ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့" ကိုဆိုလိုသည်။

(ခ) "ဘာသာပြန်ဆိုရေးလုပ်ငန်း" ဆိုသည်မှာ၊ နိုင်ငံခြားစာပေများမှမြန်မာစာပေသို့ ပြန်ဆိုရေး၊ မြန်မာစာပေမှ နိုင်ငံခြားစာပေများသို့ ပြန်ဆိုရေးလုပ်ငန်းကိုဆိုလိုသည်။

(ဂ) "စာပေပြုရေးလုပ်ငန်း" ဆိုသည်မှာ၊ တိုင်းသူပြည်သားများအား အသိဉာဏ်ပေးသည့် စာပေများကို၊ မြန်မာဘာသာဖြင့်ဖြစ်စေ၊ အခြားဘာသာများဖြင့်ဖြစ်စေ စုဆောင်းခြင်း၊ ရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ ပြုစုခြင်း၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့်၎င်းတို့တွင်အကျုံးဝင်သည့်လုပ်ငန်းအားလုံးကိုဆိုလိုသည်။

(ဃ) "စာပေတိုးတက်ပြန့်ပွါးရေးလုပ်ငန်း" ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် စာပေတိုးတက် ပြန့်ပွါးရေးအတွက်၊ စာပေဟောပြောပို့ချခြင်း၊ စာပေသဘင်ပြုလုပ်ခြင်း၊ စာပေရေးရာလှုပ်ရှားမှုများပြုလုပ်ခြင်းနှင့်၎င်းတို့တွင် အကျုံးဝင်သည့် လုပ်ငန်းအားလုံးကိုဆိုလိုသည်။

(င) "အုပ်ချုပ်ရေးမှူး" ဆိုသည်မှာ၊ အစိုးရကခန့်ထားသည့် အဖွဲ့ အုပ်ချုပ်ရေးမှူးကိုဆိုလိုသည်။

# အခန်း ၂။

## အဖွဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ။

၃။ ။(၁) အစိုးရသည် "ပြည်ထောင်စုမြန်မာနိုင်ငံစာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့" ဟုခေါ်တွင်သည့်အဖွဲ့တခုကို၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။ ထိုအဖွဲ့သည်၊ မိမိအား၊ ဤဥပဒေဖြင့်၎င်း၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့်၎င်း၊ ပေးအပ်ထားသည့် အာဏာများနှင့်တာဝန်ဝတ္တရားများကိုထိရောက်စွာသုံးစွဲဆောင်ရွက်ရမည်။

(၂) အဖွဲ့သည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ မိမိပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါ အမည်ဖြင့်တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

(၃) ၁၉၄၇ ခုနှစ်တွင်၊ အသင်းမှတ်ပုံတင်အက်ဥပဒေ (The Societies Registration Act) အရ မှတ်ပုံတင်အမှတ် 11 of 46/47 ဖြင့်မှတ်ပုံတင်ထားသော မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) ပိုင်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ နိုင်ငံခြားမှရရှိခဲ့သော အထောက်အပံ့ပစ္စည်းအားလုံးကို၊ အဖွဲ့ကဆက်ခံရမည်။ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) ကချုပ်ဆိုခဲ့သည့် ပဋိညာဉ်စာချုပ်အားလုံးကိုလည်း၊ အဖွဲ့ကပင်ချုပ်ဆိုသည်ဟု မှတ်ယူရမည့်ပြင်၊ အဆိုပါအသင်း၏ အုပ်ချုပ်ရေးဆိုင်ရာ၊ ထုတ်လုပ်ရေးဆိုင်ရာနှင့်အခြားလုပ်ငန်းဆိုင်ရာတို့တွင် ခန့်ထားသော လက်ရှိရာထူးများကိုလည်း၊ အဖွဲ့ကဆက်လက်ထားရှိရမည်။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက်တွင်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) ကို၊ အသင်းမှတ်ပုံတင်အက်ဥပဒေအရ ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၄) အစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ အဖွဲ့တွင်၊ အောက်ပါပုဂ္ဂိုလ်များကို၊ အဖွဲ့ဝင်များအဖြစ်ခန့်ထားရမည်။

(က) ပြန်ကြားရေးဌာနတာဝန်ခံ—ဥက္ကဋ္ဌ။
(ခ) ပေါ်လစီညွှန်ကြားရေးဝန်၊ ပြန်ကြားရေးဌာန—အဖွဲ့ဝင်။
(ဂ) အတွင်းဝန်၊ သို့မဟုတ် တွဲဘက်အတွင်းဝန်၊ ပညာရေးဌာန—အဖွဲ့ဝင်။
(ဃ) အုပ်ချုပ်ရေးမှူး၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့—အဖွဲ့ဝင်။
(င) ယဉ်ကျေးမှုဌာနမှ ကိုယ်စားလှယ်တဦး—အဖွဲ့ဝင်။
(စ) အစိုးရပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာနခွဲမှ ကိုယ်စားလှယ်တဦး—အဖွဲ့ဝင်။
(ဆ) အစိုးရခန့်ထားသည့် ပုဂ္ဂိုလ် ၄ ဦး—အဖွဲ့ဝင်။

(၅) အစိုးရသည်၊ အဖွဲ့ဝင်တဦးအား၊ ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့်၎င်း၊ အခြားအဖွဲ့ဝင်တဦးအား၊ အတွင်းရေးမှူးအဖြင့်ဖြစ်၎င်း ခန့်ထားရမည်။

(၆) အုပ်ချုပ်ရေးမှူး၏ လစာနှင့် စရိတ်ကြေးငွေသည်၊ အစိုးရသတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

## အခန်း ၃။

### အဖွဲ့ဥက္ကဋ္ဌ၏ အာဏာနှင့် တာဝန်ဝတ္တရားများ။

၄။ ။(၁) အဖွဲ့ဥက္ကဋ္ဌသည်—

(က) အဖွဲ့၏ လုပ်ငန်းဆောင်တာများကို ကြီးကြပ်ထိန်းသိမ်းရာတွင် တော်လှန်ရေးကောင်စီ မူဝါဒ ထိန်းသိမ်းရေးအဖွဲ့က ချမှတ်ပြဋ္ဌာန်းပေးအပ်သော မူဝါဒအရ၊ အဖွဲ့အား၊လိုက်နာကျင့်သုံးဆောင်ရွက်သွားစေရန် ခေါင်းဆောင်မှုပေးရမည်။

(ခ) အဖွဲ့၏ငွေစာရင်းများကို၊အချိန်မရွေး တောင်းဆိုစစ်ဆေးကြည့်ရှုနိုင်သည်။ ယင်းသို့ တောင်းဆိုသည့်အခါ၊ အုပ်ချုပ်ရေးမှူးက၊ လိုက်နာဆောင်ရွက်ရမည်။

(ဂ) အဖွဲ့၏အစည်းအဝေးတိုင်း၌သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ မိမိကိုယ်တိုင်အစည်းအဝေးမတက်ရောက်နိုင်လျှင်၊ဒုတိယဥက္ကဋ္ဌအား၊ မိမိ၏အာဏာများကို သုံးစွဲစေလျက်၊ အစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်စေနိုင်သည်။

(ဃ) အဖွဲ့၏သဘောတူညီချက်ကို ရယူ၍၊ ဌာနမှူးများနှင့် အခြားဝန်ထမ်းများကို ခန့်ထားနိုင်သည်၊ သို့မဟုတ် ထုတ်ပယ်နိုင်သည်။

(င) ဘာသာပြန်ဆိုရေးလုပ်ငန်း၊ စာပေပြုစုရေးလုပ်ငန်းနှင့် စာပေတိုးတက်ပြန့်ပွါးရေးလုပ်ငန်းများ အထမြောက်အောင်ဆောင်ရွက်ရန်လိုအပ်သည်ဟုယူဆလျှင်၊အဖွဲ့နှင့်တိုင်ပင်၍၊အစိုးရ၏ကြိုတင်သဘောတူညီချက်ဖြင့်၊ ဌာနမှူးများနှင့် အခြားဝန်ထမ်းများကို ထပ်ဖြည့်ခန့်ထားနိုင်သည်။

## အခန်း ၄။

### အဖွဲ့၏ အာဏာနှင့် တာဝန်ဝတ္တရားများ။

၅။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံသား အားလုံးအတွက် ပညာဗဟုသုတတိုးပွါးစေရန် နိုင်ငံခြားစာပေများအနက် ကောင်းနိုးရာရာတို့ကို သုတေသနပြု၍ စာပေအဖြစ်ပြုစုခြင်း၊ပြုစုပြီးသားစာပေများကို၊ မြန်မာဘာသာသို့ရင်း၊ တိုင်းရင်းသားဘာသာတခုခုသို့ရင်း၊ပြန်ဆို၍ စာအုပ်စာတမ်းအဖြစ် ပုံနှိပ်ခြင်း၊ အစိုးရ၏မူဝါဒနှင့်ကိုက်ညီသည့် အစိုးရအသိအမှတ်ပြု ကျောင်းသုံးစာအုပ်များကိုပုံနှိပ်၍၊ ပြည်သူလူထုအတွက် အသက်သာဆုံးသော ဈေးနှုန်းဖြင့် ရောင်းချဖြန့်ချိခြင်းစသည်တို့မှာ၊ အဖွဲ့၏ အဓိကတာဝန်ဝတ္တရားများဖြစ်စေရမည်။

(၂) ထိုသို့ဆောင်ရွက်နိုင်ရန် အတွက်၊ စာပေကျွမ်းကျင်တတ်မြောက်သော ပညာရှင်များနှင့်စက်မှုလက်မှုပညာသည်များထားရှိခြင်း၊ ခေတ်မီပုံနှိပ်စက်ကိရိယာများထားရှိခြင်း၊ ထို့ပြင်အစိုးရဌာနများနှင့်အခြားပြင်ပမှ အပ်နှံသည့် ပုံနှိပ်လုပ်ငန်းများကို၊ သင့်တော်သည့်အခကြေးငွေဖြင့် လက်ခံဆောင်ရွက်ခြင်းသည်လည်း၊ အဖွဲ့၏တာဝန်ဝတ္တရားဖြစ်စေရမည်။

(၃) ပုဒ်မခွဲ ,(၁) ပါပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ အဖွဲ့၏တာဝန်ဝတ္တရားများတွင်၊ အောက်ပါတို့လည်းပါဝင်ရမည်—

(က) ပြည်တွင်း ပြည်ပမှမည်သည့် ဘာသာနှင့်မဆို ပုံနှိပ်ထားသော စာအုပ် စာတမ်း စာရွက်စာမူများကို ဝယ်ယူနိုင်ခွင့်ရှိခြင်း။

(ခ) အဖွဲ့က စုဆောင်းပြုစု၍ ပုံနှိပ်ထားသော စာအုပ်စာတမ်းများကို လူထုလက်သို့ ရောက်ရှိရန် အစိုးရ၏ မူဝါဒအတိုင်း ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချခြင်း၊ သို့မဟုတ် အဖွဲ့ကသင့်တော်သည် ထင်မြင်သည့်နည်းစနစ်ဖြင့်ဖြန့်ဖြူးခြင်း။

(ဂ) စာပေတိုးတက် ပြန့်ပွားစေရန်အလို့ငှါ၊စာပေ၌ လူတိုင်းစိတ်ဝင်စားလာအောင်လှုံ့ဆော်ခြင်း၊စာပေနှီးနှောဖလှယ်ပွဲများ၊စာပေသဘင်များ၊စာပေညီလာခံများနှင့်စာပေပြပွဲများ ကြီးမှူးကျင်းပခြင်း၊ စာပေဆုများချီးမြှင့်ခြင်း၊ စာပေပညာရှင်များအားဂုဏ်ပြုချီးကျူးခြင်း၊ဥာဏ်ပူဇော်ခများချီးမြှင့်ခြင်း။

(ဃ) ပုံနှိပ်ရေးနှင့်စပ်လျဉ်း၍ အစားထိုးရန် လိုအပ်သောစက်ပစ္စည်းကိရိယာတန်ဆာပလာများကို၊ အခါအားလျော်စွာ ခေတ်မှီစက်ပစ္စည်းကိရိယာတန်ဆာပလာများဖြင့်အစားထိုးခြင်း၊ တိုးချဲ့တပ်ဆင်ခြင်း၊ တီထွင်ခြင်း။

(၄) အဖွဲ့သည်၊ ပုဒ်မ (၁) တွင် ဖေါ်ပြထားသော တာဝန်ဝတ္တရားများနှင့်ဆက်သွယ်၍ ပေါ်ပေါက်လာသော ကိစ္စများကိုငင်း၊ထိုတာဝန် ဝတ္တရားများဆောင်ရွက်ရာ၌ အကျိုးရှိမည်၊ သို့မဟုတ် သင့်တော်မည်ထင်မြင်သောကိစ္စများကိုငင်း ဆောင်ရွက်ရမည်။

၆။ ။(၁) ဤဥပဒေအရ ပြဋ္ဌာန်းထားသော တာဝန် ဝတ္တရားများနှင့် စပ်လျဉ်း၍လိုအပ်သော၊သို့မဟုတ် သင့်တော်သောမည်သည့်ကိစ္စကိုမဆိုဆောင်ရွက်ရန် အဖွဲ့၌အာဏာရှိရမည်။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များ၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ အဖွဲ့၏အာဏာများတွင်၊ အောက်ပါတို့လည်း ပါဝင်ရမည်—

(က) ဤဥပဒေအရ တာဝန်ဝတ္တရားများ ဆောင်ရွက်ရန်အတွက် အသုံးစရိတ်များကျခံသုံးစွဲခြင်း။

(ခ) အဖွဲ့ဝင်နှစ်ဦး၊ သို့မဟုတ် နှစ်ဦးထက်ပိုသော အဖွဲ့ဝင်များပါဝင်သည့် ကော်မီတီများခန့်ထား၍၊ ထိုကော်မီတီများအား၊ အဖွဲ့၏ အာဏာနှင့် တာဝန်ဝတ္တရားများလွှဲအပ်ခြင်း။

(ဂ) အောက်ပါ ကိစ္စအားလုံးနှင့်ဖြစ်စေ၊အချို့နှင့်ဖြစ်စေ၊ စပ်လျဉ်း၍၊ စည်းကမ်းဥပဒေများပြုခြင်း—

(၁) အဖွဲ့၏လုပ်ငန်း ကိုင်ဆောင်ရွက်ရာတွင်ငင်း၊အဖွဲ့၊လက်အောက်ခံအဖွဲ့နှင့် ကော်မီတီများ၏ အစည်းအဝေးများ ကျင်းပရာတွင်ငင်း၊လိုက်နာရန် ကျင့်ထုံးသတ်မှတ်ရေးကိစ္စ။

(၂) ပုဒ်မ ၅ အရဆောင်ရွက်ရာတွင်၊ လိုက်နာရန်စည်းကမ်းချက်များသတ်မှတ်ရေးကိစ္စ။

(၃) ရာထမ်းမှုထမ်းများခန့်ထားခြင်း၊ ထုတ်ပယ်ခြင်း၊ ထိုရာထမ်းမှုထမ်းများ၏ လစာ၊ စရိတ်ကြေးငွေနှင့် အခြားအမှုထမ်းစည်းကမ်းများကို အစိုးရ၏သဘောတူညီချက်ဖြင့် သတ်မှတ်ရေးကိစ္စ။ ထိုရာထမ်းမှုထမ်းများ၏ အာဏာနှင့် တာဝန်ဝတ်တရားများသတ်မှတ်ရေးကိစ္စ။

(၄) အဖွဲ့ကိုယ်စား၊ ပဋိညာဉ် စာချုပ်များနှင့် အခြားစာတမ်းအမှတ်အသားများကိုလက်မှတ်ရေးထိုးရေးကိစ္စ။

၇။ ။(၁) အဖွဲ့သည်၊ မိမိ၏တာဝန် ဝတ်တရားများ ဆောင်ရွက်ရာတွင် အစိုးရကညွှန်ကြားသည့်မှုအတိုင်းဆောင်ရွက်ရမည်။

(၂) အစိုးရသည်၊ မည်သည့်အခါမဆို၊ အဖွဲ့၏၊ သို့မဟုတ်ကော်မီတီ၏အမှုတွဲများမှ ကောက်နုတ်ချက်များကိုငှင်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာ စာရင်းများကိုငှင်း၊ အဖွဲ့ကကြီးကြပ်အုပ်ချုပ်ရသော ကိစ္စနှင့်စပ်လျဉ်း၍ အစီရင်ခံစာများကိုငှင်း၊ ရ-သုံးမှန်းခြေငွေစာရင်းများကိုငှင်း မိမိထံတင်ပြရန်တောင်းဆိုနိုင်သည်။ ထိုသို့တောင်းဆိုသည့်အခါ အဖွဲ့ကလိုက်နာရမည်။

(၃) အဖွဲ့သည်၊ ဘဏ္ဍာရေးနှစ် အသီးသီးကုန်ဆုံးပြီးနောက်၊ ဆောလျင်နိုင်သမျှဆောလျင်စွာ ထိုနှစ်အတွက်မိမိ၏ တာဝန်ဝတ်တရားများကို ဆောင်ရွက်ခြင်းနှင့်ငှင်း၊မိမိလိုက်နာသည့်မှုနှင့်ငှင်း၊ လုပ်ငန်းအစီအစဉ်များနှင့်ငှင်းစပ်လျဉ်း၍၊ အစိုးရထံ အစီရင်ခံစာတင်သွင်းရမည်။

## အခန်း ၅။

### အုပ်ချုပ်ရေးမှူး၏တာဝန်ဝတ်တရားများ။

၈။ ။(၁) အုပ်ချုပ်ရေးမှူးသည်၊ အောက်ပါတာဝန် ဝတ်တရားများကို ဆောင်ရွက်ရမည်—

(က) ပုဒ်မ ၅ တွင်ဖော်ပြထားသောတာဝန် ဝတ်တရားများနှင့်အညီ အဖွဲ့၏လုပ်ငန်းတိုးတက်မှုအတွက်၊ စီမံကိန်းများရေးဆွဲခြင်း။

(ခ) အဖွဲ့၏သဘောတူညီချက်ရယူရန်အလို့ငှါ၊ နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းများကို၊ အဖွဲ့ကအခါအားလျော်စွာ သတ်မှတ်သည့်နေ့ရက်တွင်အဖွဲ့သို့တင်ပြခြင်း။

(ဂ) အဖွဲ့၏လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်ကိုအဖွဲ့သို့ တင်ပြခြင်း။

(ဃ) အဖွဲ့၏၊ သို့မဟုတ် ကော်မီတီများ၏ဆုံးဖြတ်ချက်များကိုဆောင်ရွက်ခြင်း။ ထိုသို့ဆောင်ရွက်ရာ၌၊ ထိုဆုံးဖြတ်ချက်များအတိုင်း ဖြစ်မြောက်စေရန်လိုအပ်သောတာဝန်ဝတ်တရားများ၊ပဋိညာဉ် စာချုပ် ချုပ်ဆိုမှု၊ လုပ်ကိုင်ဆောင်ရွက်မှု အဝဝတို့ကိုပြုလုပ်ဆောင်ရွက်၍၊ အဖွဲ့၏အကျိုးကိုထိရောက်စွာကာကွယ် နိုင်ရန်အတွက် တရားဥပဒေအရ အာမခံ ရယူရေးများကိုလည်း တာဝန်ယူခြင်း။

(င) အဖွဲ့ကမိမိအားလွှဲအပ်ထားသောတာဝန်ဝတ္တရားအသီးသီးကို အဖွဲ့ကိုယ်စားဆောင်ရွက်ခြင်း။

(စ) ဤဥပဒေအရပြုသောနည်းဥပဒေများနှင့်ဖြစ်စေ၊ စည်းကမ်းဥပဒေများနှင့်ဖြစ်စေ၊ မဆန့်ကျင်စေဘဲ၊ ပူရင်းလစာကျပ် ၂၀၀ ထက် မပိုသောလစာရဝန်ထမ်းများအားခွင့်ပေးခြင်း။

(ဆ) မိမိလက်အောက်ရှိ ရာထမ်း မှုထမ်းများနှင့်ပတ်သက်၍၊ သစ္စာစောင့်သိမှုမရှိသောမှု၊ သို့မဟုတ်စည်းကမ်းသေဝပ်မှုမရှိဟု သံသယဖြစ်ပါက၊ အခါမရွေး၊ အဖွဲ့ဥက္ကဋ္ဌ၊ သို့မဟုတ်အဖွဲ့ဥက္ကဋ္ဌ၏အာဏာများအပ်နှင်းခြင်းခံရသူထံသို့၊ တိုက်ရိုက်စာဖြင့်အစီရင်ခံခြင်း။

(၂) အဖွဲ့သည်၊ အဖွဲ့ဝင်တဦးဦးအား၊ သို့မဟုတ် အုပ်ချုပ်ရေးမှူးအား သင့်တော်သည် ထင်မြင်သည့်မိမိ၏ အာဏာနှင့် တာဝန်ဝတ္တရားများကို လွှဲအပ်နိုင်သည်။

၉။ ။(၁) အဖွဲ့ဝင်များ၏ရာထူးသက်တမ်းသည် ၂ နှစ်ဖြစ်ရမည်။ အဖွဲ့ဝင်များ၏ရာထူးကို၊ အစိုးရကမည်သည့်အချိန်မဆိုရပ်စဲနိုင်သည်။

(၂) ရာထူးသက်တမ်းမကုန်ဆုံးမီ၊ အကြောင်းတခုခုကြောင့် အဖွဲ့ဝင်တဦး၏ ရာထူးနေရာလစ်လပ်သည့်အခါ၊ ထိုလစ်လပ်သည့် နေရာတွင်၊ သင့်တော်သော ပုဂ္ဂိုလ်တဦးကို၊ အစိုးရကအဖွဲ့ဝင်သစ်အဖြစ်ဖြင့် ခန့်ထားရမည်။ ထိုအဖွဲ့ဝင်သစ်သည်၊ မိမိအားခန့်ထားသည့်နေရာတွင် ထမ်းရွက်ခဲ့သော အဖွဲ့ဝင်ဟောင်း၏ရာထူးသက်တမ်းစေ့ကုန်သည့်အချိန်အထိသာ၊ ရာထူးလက်ရှိထမ်းရွက်ရမည်။

(၃) အစိုးရသည်၊ ရာထူးသက်တမ်းစေ့ကုန်သောမည်သည့်အဖွဲ့ဝင်ကိုမဆို၊ ပြန်လည်ခန့်ထားနိုင်သည်။

၁၀။ ။အဖွဲ့သည်၊ အုပ်ချုပ်ရေးမှူးဆောင်ရွက်မည့်လုပ်ငန်းများနှင့်တာဝန်ဝတ္တရားအမျိုးအစားကိုသတ်မှတ်ပေးရမည်။

၁၁။ ။အစိုးရအရာရှိမဟုတ်သောအဖွဲ့ဝင်များအား၊ အစိုးရသတ်မှတ်သည့် အခများနှင့်စရိတ်ကြေးငွေများပေးရမည်။

၁၂။ ။အဖွဲ့ဆောင်ရွက်သည့် မှုခင်းကိစ္စများသည်၊ အဖွဲ့ဝင်ရာထူးလစ်လပ်သောအကြောင်းကြောင့်သော်၎င်း၊ အဖွဲ့ဝင်တဦးဦးခန့်ထားရာ၌ ချွတ်ယွင်းချက်ရှိသောအကြောင်းကြောင့်သော်၎င်း မပျက်ပြယ်စေရ။

## အခန်း ၆။

### အလုပ်ကိစ္စဆောင်ရွက်ခြင်း။

၁၃။ ။အဖွဲ့သည်၊ မိမိ၏အလုပ်ကိစ္စများဆောင်ရွက်ရန်အလို့ငှါ၊ အစည်းအဝေးများကို လိုအပ်သလိုကျင်းပရမည်။

၁၄။ ။(၁) အဖွဲ့သည်၊ လက်အောက်ခံအဖွဲ့များကိုဖွဲ့စည်းနိုင်သည်။ အဆိုပါ လက်အောက်ခံအဖွဲ့များသည်၊ အဖွဲ့၏ကြီးကြပ်အုပ်ချုပ်မှုကိုခံယူလျက်၊ အဖွဲ့ကလွှဲအပ်သည့်အာဏာနှင့်တာဝန်ဝတ္တရားများကိုသုံးစွဲဆောင်ရွက်ရမည်။

(၂) လက်အောက်ခံ အဖွဲ့များ၏ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို၊ အဖွဲ့ကခန့်ထားရမည်။

(၃) အစိုးရအရာရှိမဟုတ်သည့်လက်အောက်ခံအဖွဲ့ဝင်များအား၊ အစိုးရက သတ်မှတ်သည့်အခများနှင့်စရိတ်ငွေများပေးရမည်။

## အခန်း ၇။

### ဘဏ္ဍာရေးကိစ္စရပ်များ။

၁၅။ ။ရ-သုံးမှန်းခြေငွေစာရင်း။ ။(၁) အဖွဲ့သည်၊ ဘဏ္ဍာရေးနှစ်အသီးသီးမကုန်မီ၊ ထိုနှစ်နောက်လာမည့် ဘဏ္ဍာရေးနှစ်အတွက် မိမိ၏ ရ-သုံးမှန်းခြေငွေစာရင်းကို အခြားအစိုးရဌာနများနည်းတူတင်သွင်းရမည်။ အဆိုပါ ရ-သုံးမှန်းခြေငွေစာရင်းကိုပြင်သည့်နောက်ထပ် ရ-သုံးမှန်းခြေငွေစာရင်းများကို၊ အခါအားလျော်စွာ ထိုနည်းအတူတင်သွင်းနိုင်သည်။

(၂) သို့ရာတွင် အဖွဲ့သည်၊ မိမိအလုပ်စတင်လုပ်ကိုင်သည့်ပဌမနှစ်နှင့်စပ်လျဉ်း၍အလုပ်စတင်လုပ်ကိုင်သည့်နေ့ရက်မှ ထိုဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်နေ့အထိ ကာလအပိုင်းအခြားအတွက် ရ-သုံးမှန်းခြေငွေစာရင်းကို (အခြားအစိုးရဌာနများနည်းတူ) လျင်မြန်နိုင်သမျှလျင်မြန်စွာတင်သွင်းရမည်။

(၃) ဤပုဒ်မအရခွင့်ပြုသည့် ရ-သုံး မှန်းခြေငွေစာရင်းထက်ပို၍အဖွဲ့ကအကုန်အကျမခံရ။

### ဝင်ငွေနှင့်အသုံးစရိတ်များ။

၁၆။ ။(၁) ၁၉၄၇ ခုနှစ်တွင်၊ အသင်းမှတ်ပုံတင် အက်ဥပဒေ (**The Societies Registration Act**) အရမှတ်ပုံတင်အမှတ် 11 of 46/47 ဖြင့်မှတ်ပုံတင်ထားသော မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) မှလွှဲပြောင်းရရှိသည့်အသင်း ရံပုံငွေ၊ အဆိုပါအသင်း (စာပေဗိမာန်) အနေဖြင့် နိုင်ငံခြားမှရရှိခဲ့သော အထောက်အပံ့ရံပုံငွေများနှင့်ဤဥပဒေတွင်ပြဋ္ဌာန်းပါရှိသည့် လုပ်ငန်းများကိုဆောင်ရွက်ရာ၌ အဖွဲ့ကရရှိသည့်ဝင်ငွေအားလုံးကို၊ အစိုးရငွေစာရင်းတွင်ရငွေအဖြစ် စာရင်းသွင်းရမည်။ ထိုရံပုံငွေများနှင့်အဖွဲ့၏ဝင်ငွေများကို၊ အဖွဲ့၏အသုံးစရိတ်များအတွက် သုံးစွဲခြင်းမပြုရ။

(၂) အဖွဲ့၏အသုံးစရိတ်များ [မြန်မာနိုင်ငံ ဘာသာပြန် စာပေ အသင်း (စာပေဗိမာန်) ကပေးရန်ရှိသည့်ကြွေးမြီများ အပါအဝင်] ကို၊ အစိုးရအခြားဌာနများနည်းတူငွေစာရင်းမင်းကြီးထံငွေတောင်းခံလွှာများတင်သွင်း၍ထုတ်ယူသုံးစွဲရမည်။

**ငွေစာရင်းများ။**

၁၇။ ။အဖွဲ့၏နှစ်စဉ် အရှုံးအမြတ်ကို အလွယ်တကူ သိရှိနိုင်စေရန် အဖွဲ့၏ ငွေစာရင်းများကို ပုံစံဖြင့်သီးခြားပြစာရင်း (*Pro Forma* Accounts) အရ သီးခြား ထိန်းသိမ်းထားရှိရမည်။ ထိုပုံစံဖြင့် သီးခြားပြစာရင်းပုံစံများကို၊ အစိုးရ၏သဘောတူညီ ချက်ဖြင့်စာရင်းစစ်ချုပ်ကပြဋ္ဌာန်းရမည်။

## အခန်း ၈။

**အထွေထွေ။**

၁၈။ ။အစိုးရသည်၊ ဤဥပဒေပါကိစ္စရပ်များဆောင်ရွက်ရန်အလို့ငှါ၊ အမိန့် ကြော်ငြာစာဖြင့်နည်းဥပဒေများပြုနိုင်သည်။